ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

**GOVERNMENT OF THE UNION OF MYANMAR**
**MINISTRY OF LIVESTOCK BREEDING AND FISHERIES**

# မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# LAW AMENDING THE MYANMA MARINE FISHERIES LAW

1993

# မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို

# ပြင်ဆင်သည့်ဥပဒေ

---

# Law Amending

# The Myanma Marine Fisheries Law

# နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာ့ပင်လယ် ငါးလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
## (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၆/၉၃)
## ၁၃၅၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
## (၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတွင် –

(က) ပုဒ်မ ၄၂ ကို ပုဒ်မ ၄၂ ပုဒ်မခွဲ (က) ဟူ၍ ပြင်ဆင်ရမည်။

(ခ) ပုဒ်မ ၄၂ ပုဒ်မခွဲ (က) အောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ခ) အဖြစ် ဖြည့်စွက်ရမည် –

(ခ) မည်သူမျှ စစ်ဆေးရေးမှူးက ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် ငါး၊ ငါးဖမ်းကိရိယာ၊ အခြားပစ္စည်းနှင့် ငွေစသည်များကို ကွယ်ဝှက်ခြင်း သို့မဟုတ် စစ်ဆေးရေးမှူး၏ ခွင့်ပြုချက်မရရှိဘဲ စွန့်ပစ်ခြင်း မပြုရ။

၃။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေ ပုဒ်မ ၄၂ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၄၂–က အဖြစ် ဖြည့်စွက်ရမည် –

၄၂–က။ ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့် ပြည်သူ့ဝန်ထမ်းမဆို အောက်ပါ တစ်ခုခုကို မပြုလုပ်ရ –

# The State Law and Order Restoration Council
# Law Amending the Myanma Marine Fisheries Law

(The State Law and Order Restoration Council Law No 16/93)

The 13th Waxing Day of Thadinkyut, 1355 ME

(28th October, 1993)

The State Law and Order Restoration Council hereby enacts the following Law: —

1. This Law shall be called the Law Amending the Myanma Marine Fisheries Law.

2. In the Myanma Marine Fisheries Law —

   (a) Section 42 shall be amended as sub-section (a) of Section 42;

   (b) the following sub-section shall be inserted as sub-section (b), under sub-section (a) of Section 42: -

      (b) While the Inspector is inspecting any fishery, no one shall conceal or without the permission of the Inspector dispose of fish, fishing implement, other material and money.

3. The following section shall be inserted as Section 42 A, under Section 42 of the Myanma Marine Fisheries Law: —

   42 A. No public servant exercising any of the duties and powers conferred under this Law shall commit any of the following: —

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိမ်ချန်ခြင်း။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ သို့မဟုတ် အလွဲသုံးစား ပြုခြင်း။

၄။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေ ပုဒ်မ ၄၄ မှ ၄၉ အထိ ပုဒ်မများကို အောက်ပါ ပုဒ်မများဖြင့် အစားထိုးရမည် –

၄၄။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၄၀ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၅။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ ငွေဒဏ် ကျပ် ၂၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၁ သို့မဟုတ် ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၇။ မည်သူမဆို ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၁၀ နှစ် အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(a) replacing another person for the offender or concealing the offender without taking any action:

(b) causing to disappear, altering by wrongful means, substituting or misusing an exhibit involved in an offence.

Section 44 to 49 of the Myanma Marine Fisheries Law shall be substituted by the following Sections:—

44. Whoever violates any provision of Section 33, Section 34 or Section 40 shall, on conviction be punished with imprisonment for a term which may extend to 10 years or with fine which may extend to kyats 300,000 or with both.

45. If a licence holder violates, any provision of Section 35, Section 36 or Section 37, he shall, on conviction be punished with imprisonment for a term which may extend to 3 years or with fine which may extend to kyats 200,000 or with both.

46. Whoever violates any provision of Section 39, Section 41 or Section 42 shall, on conviction be punished with imprisonment for a term which may extend to 3 years or with fine which may extend to kyats 100,000 or with both.

47. Whoever violates any provision of Section 38 shall, on conviction be punished with imprisonment for a term which may extend to 10 years or with fine which may extend to kyats 500,000 or with both.

၄၈။ မည်သူမဆို ပုဒ်မ ၄၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ပုဒ်မ ၄၂-က ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်။

၅။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေ ပုဒ်မ ၅၈ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည် -

၅၈။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် တရားရုံးက ငွေဒဏ် ချမှတ်ရာတွင် တရားခံသည် နိုင်ငံခြားသားဖြစ်ပါက ထိုသူအား မြန်မာငွေနှင့်ညီမျှသော အစိုးရက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၆။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေပုဒ်မ ၅၉ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၅၉-က အဖြစ် ဖြည့်စွက်ရမည် -

၅၉-က။ ပုဒ်မ ၄၉ အရ ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်း ပြုရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

48. Whoever violates the provision of Section 43 shall, on conviction be punished with imprisonment for a term which may extend to 3 years or with fine which may extend to kyats 50,000 or with both.

49. If a public servant violates any provision of Section 42 A he shall, on conviction be punished with imprisonment for a term which may extend to 7 years and may also be liable to fine. In addition, the exhibits involved in the offence shall be confiscated.

5. The following Section shall be substituted for Section 58 of the Myanma Marine Fisheries Law: —

58. In imposing a punishment of fine by the Court for violation of any of the prohibitions contained in this Law, if the accused is a foreigner the fine shall be paid in foreign currency equivalent to the amount in Myanmar currency, as determined by the Government.

6. The following Section shall be inserted as Section 59 A, under Section 59 of the Myanma Marine Fisheries Law:—

59 A. If it is necessary to take action against any public servant under Section 49, legal proceedings shall only be instituted with the prior sanction of the Ministry.

***(Sd)* Than Shwe**
**Senior General**
**Chairman**
**The State Law and Order Restoration Council**

ငါးလုပ်ငန်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက
ကင်းလွတ်ခွင့်အမှတ် ၁၉၄/၉၅(၄) ခွင့်ပြုချက်ဖြင့် ထုတ်ဝေ၍
ပုံနှိပ်မှတ်ပုံတင်အမှတ်(၀၃၈၄၉) အမှတ်-၂၀၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရိုးမပုံနှိပ်တိုက်တွင် ဒေါ်ညွန့်ဝမ်းအိက ရိုက်နှိပ်သည်။ စောင်ရေ(၁၀၀၀၀)၊ ၁၉၉၅ခုနှစ်၊ ဧပြီလ။